## <u>အရောင် ဖွင့်ဆိုချက်</u>

- ပစ်တိုင်းထောင်အဖိုအရောင်ကတော့ ရန်ကုန်တိုင်းကိုယ်စားပြုအရောင်ကို အသုံးပြုထားပါတယ်။

  ဒါပေမယ့်ပစ်တိုင်းထောင်အမလေးကတော့ခရမ်းရောင်ဖြစ်ပါတယ်။ဒါဟာ မတူညီကွဲပြားမှုကို အခြေခံထားတာဖြစ်ပါတယ်။

  ဆိုလိုရင်းကတော့ကမ္ဘာလှည့်ခရီးသွားများဟာ ဘာသာရေးဓလေ့ထုံးစံ ယဉ်ကျေးမှုလူမျိုးကွဲပြားခြားနားတာကို ရည်ညွှန်းထားတာဖြစ်ပါတယ်။

- ပစ်တိုင်းထောင် လက်ရဲ့ အပြာနုရောင်ဆိုလိုရင်းကတော့ မတူညီကွဲပြားမှုကိုအခြေခံပြီး နိုင်ငံငြိမ်းချမ်းစွာတိုးတက်ဖို့ ရည်ရွယ်ပါတယ်။
- မြန်မာနိုင်ငံအရောင်ကိုရွှေရောင်အဓိကထားအသုံးပြုထားခြင်းမှာ စေတီပုထိုးပေါကြွယ်ဝမှုကိုရည်ညွှန်းထားပါတယ်။
- ရွှေရောင်အဖျော့လေးကတော့ ခရီးသွားလုပ်ငန်းဖြင့် မြန်မာ့စီးပွားရေးတိုးတက်ထွန်းတောက်လာတာကို ဆိုလိုခြင်းဖြစ်ပါတယ်။

## <u>လာဘ်ကောင်ဒီဇိုင်း ဖွင့်ဆိုချက်</u>

- ပုံမှန်အားဖြင့် ပစ်တိုင်းထောင်မှာ ခြေတွေလက်တွေမရှိပါဘဲ လောကဓံကိုကြံ့ကြံ့ခံနိုင်ရည်ရှိတဲ့ မူရင်းဓါတ်ခံရှိသော လာဘ်ကောင်အရုပ်လေးတွေဖြစ်ပါတယ်။

  အခုဒီဇိုင်းမှာတော့ ခြေလက်အင်္ဂါ ပြည့်စုံစွာဖန်တီးပုံဖော်ထားတာကတော့ ကိုယ့်ကံကြမ္မာကို ဖန်တီးနိုင်ခွင့်ရကာ အလုပ်လုပ်နိုင်ပြီး နိုင်ငံသာယာ ဝပြောမှုကို ဖော်ဆောင်ပါတယ်။

- မြန်မာ့မြေပုံကို လာဘ်ကောင်ကောင်လက်တွဲပြီး အလယ်မှာထားခြင်းကတော့ ခရီးသွားလာရေးလုပ်ငန်းဟာ မြန်မာ့စီးပွားရေးရဲ့အဓိက မောင်းနှင်အားဖြစ်လာပြီး အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဆီသို့သယ်ဆောင်မည့် ဆိုလိုရင်းဖြစ်ပါတယ်။
- လက်မထောင်ထားခြင်းဟာ မည်သည့်အဟန့်အတားကိုမဆို ကြံ့ကြံ့ခံနိုင်ပြီး ပန်းတိုင်သို့ အရောက်ချီတက်မည့်သဘောဖြစ်ပါတယ်။
- လာဘ်ကောင်ကိုယ်မှာ ကနုတ်ဒီဇိုင်းထည့်ပေးထားခြင်းကတော့ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားမှုကို ဖော်ပြပြီး ကမ္ဘာလှည့် ခရီးသွားများကို အဓိကဆွဲဆောင်နိုင်မှုလဲ ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။သာယာသောနေ့လေးဖြစ်ပါစေခင်ဗျာ။

ပါဝင်ယှဉ်ပြိုင်သူအမည် – ကျော်ဝင်းသိန်း

Email Address – bob.2009k@gmail.com/ 09961381951

Designed by ST